Special Advisory Council for
MYANMAR

# မြန်မာစာသင်ကျောင်း အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု တစ်လအကြာတွင်၊ ကုလသမဂ္ဂ ကျွမ်းကျင်သူများက နိုင်ငံတကာအသိုင်းအဝိုင်း၏ လုပ်ဆောင်ရန်ပျက်ကွက်မှုအပေါ် ပြင်းထန်စွာ ရှုတ်ချပြီး မြန်မာ ကလေးသူငယ်များအား ကာကွယ်ပေးရန် တောင်းဆိုသင့်သည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၂ ရက်။

ယနေ့သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်ရှိ စာသင်ကျောင်းတစ်ခုကို မြန်မာစစ်အုပ်စုက ကြောက်မက်ဖွယ် ဆိုးဆိုးဝါးဝါး လေကြောင်းမှ တိုက်ခိုက်ခဲ့သည်မှာ တစ်လပြည့်မြောက်သည့်နေ့ဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ မေလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် စစ်အုပ်စု၏ ဂျက်တိုက်လေယာဉ်တစ်စင်းသည် စာမေးပွဲဖြေဆိုနေသည့် ကျောင်းတစ်ကျောင်းကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ထိုတိုက်ခိုက်မှုကြောင့် အသက် ခုနစ်နှစ်အရွယ် ကလေးငယ်များအပါအဝင် အနည်းဆုံး ကလေး ၂၂ ဦးနှင့် ဆရာ ၂ ဦး သေဆုံးခဲ့သည်။အခြားအရပ်သား ၁၀၅ ဦး အထိလည်း ဒဏ်ရာရရှိခဲ့သည်။

ဤဖြစ်စဉ်သည် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလက ဖြစ်ပွားခဲ့ပြီး ယခုအခါ "လက်ယက်ကုန်း အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု" ဟု လူသိများသည့် အလားတူ ထိတ်လန့်ဖွယ်ရာဖြစ်စဉ်၏ ပုံစံတူပင်ဖြစ်သည်။ ထိုစဉ်ကလည်း ဒီပဲယင်းမြို့နယ်ရှိ ဘုန်းကြီးကျောင်းဝင်းအတွင်းမှ စာသင်ကျောင်းတစ်ခုကို စစ်အုပ်စုတပ်ဖွဲ့များက လေကြောင်းနှင့် မြေပြင်မှ ရိုင်းစိုင်းကြမ်းကြုတ်စွာ တိုက်ခိုက်ခဲ့ရာ ကလေးသူငယ် ခုနစ်ဦးအပါအဝင် အနည်းဆုံး ၁၂ ဦး သေဆုံးခဲ့သည်။

ဤရက်စက်ကြမ်းကြုတ်သောလုပ်ရပ်များသည် မြန်မာလူငယ်မျိုးဆက်တစ်ခုလုံးကို ဖျက်ဆီးလိုခြင်းဟူသော စစ်အုပ်စု၏ ရည်ရွယ်ချက်ရှိရှိဖြင့် ကလေးသူငယ်များကို တမင်ပစ်မှတ်ထား တိုက်ခိုက်နေကြောင်း ထင်ရှားစေသည်။ ဤကဲ့သို့ အပြစ်ပေးသည့်နည်းဗျူဟာများတွင် စာသင်ကျောင်းများကို ထပ်ခါတလဲလဲ တိုက်ခိုက်ခြင်း၊ ပညာရေးဝန်ထမ်းများကို ပစ်မှတ်ထားခြင်းနှင့် ပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဖျက်ဆီးခြင်းတို့ပါဝင်သည်။ ထို့အပြင် ကလေးသူငယ်များကိုလည်း နည်းလမ်းမျိုးစုံဖြင့် ပစ်မှတ်ထားသည်ကို တွေ့မြင်နိုင်သည်။ ၎င်းတို့မှာ ကလေးများကို အတင်းအကျပ် စစ်သားအဖြစ်စုဆောင်းခြင်း၊ နေရပ်ရင်းမှ အစုလိုက်အပြုံလိုက် အတင်းအဓမ္မရွှေ့ပြောင်းစေခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် လိုအပ်နေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို ပိတ်ပင်တားဆီးခြင်းတို့ဖြစ်သည်။ စစ်အုပ်စုသည် ကလေးသူငယ်များကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ပိုင်ခွင့်ရှိသည်ဟု လူသိရှင်ကြား ကာကွယ်ပြောဆိုနေသည်။ ၎င်းတွင် ၂၀၂၃ ခုနှစ်၊ ဧပြီလက စစ်ကိုင်းတိုင်း၊ ပဇီကြီးကျေးရွာ လေကြောင်းတိုက်ခိုက်မှုအတွင်း ကလေးငယ် ဒါဇင်ပေါင်းများစွာ သေဆုံးခဲ့သည့် ဖြစ်ရပ်ကိုပင် "ဘေးထွက်ထိခိုက်ပျက်စီးမှု" ဟုဆိုကာ ပေါ့ပေါ့တန်တန် ပယ်ချခဲ့သည်။

info@specialadvisorycouncil.org
www.specialadvisorycouncil.org
@SpecialCouncil
special-council.bsky.social

သို့သော်လည်း ဤတိုက်ခိုက်မှုများအတွက် နိုင်ငံတကာအသိုင်းအဝိုင်းက အရေးယူမှုမရှိဘဲ နှုတ်ဆိတ်နေဆဲဖြစ်ရာ၊ စစ်အုပ်စုက တွက်ချက်ထားသည့်အတိုင်း ချက်ချင်းပင် မေ့လျော့ခံလာရသည်ဖြစ်သည်။ အဆိုးဆုံးမှာ ထိုရက်စက်ကြမ်းကြုတ်မှုဖြစ်ပွားပြီး နှစ်ပတ်အကြာတွင် လူချင်းတွေ့ဆုံခဲ့သည့်အခါ အာဆီယံခေါင်းဆောင်များက စာသင်ကျောင်းဗုံးကြဲခံရမှုကို လုံးဝဥဿုံ လျစ်လျူရှုခဲ့ခြင်းဖြစ်သည်။ စာသင်ကျောင်းဗုံးကြဲခံရမှုအစား ဂုဏ်သိက္ခာကျဆင်းစေသော ကြေညာချက်တစ်စောင်ကိုသာ ၎င်းတို့အနေနှင့်ထုတ်ပြန်ခဲ့ပြီး ထိုကြေညာချက်တွင် စစ်အုပ်စု၏ ထွင်လုံးသက်သက်သာဖြစ်သည့် အပစ်အခတ်ရပ်စဲရေးကို အသိအမှတ်ပြုသဘောကျလိုလားကြောင်း ဖော်ပြခဲ့သည်။ ထို့အပြင်၊ အရပ်သားများအပေါ် စစ်အုပ်စု၏ ကျယ်ပြန့်ပြီးစနစ်ကျသော ရက်စက်ကြမ်းကြုတ်မှုများနှင့် ခုခံတော်လှန်ရေးအင်အားစုများ၏ ကြိုးပမ်းမှုများကို တစ်တန်းတည်းထားခဲ့သည်။ ၎င်းမှာ အန္တရာယ်ကြီးစွာမှားယွင်းပြီး၊ ကိုယ်ကျင့်တရားအရ လုံးဝဖောက်ပြန်သောလုပ်ရပ်ပင်ဖြစ်သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံရှိ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ နောက်ဆုံးအစီရင်ခံစာတွင် ကလေးသူငယ်များအပေါ် ကြီးလေးသောချိုးဖောက်မှုများအား ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက ၄၀၀ ရာခိုင်နှုန်းကျော် တိုးလာကြောင်း မှတ်တမ်းတင်ထားသည်။ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံအတွက် အစီရင်ခံတင်ပြသည့်အခါ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် Julie Bishop သည် "လုံခြုံရမည့်နေရာများဖြစ်သင့်သည့် စာသင်ကျောင်းများ၊ ဆေးရုံများနှင့် ဝတ်ပြုကိုးကွယ်ရာနေရာများတွင် ကလေးသူငယ်များကို ပစ်မှတ်ထားမှုများ ဖြစ်ပေါ်နေသည်" ဟု အတည်ပြုခဲ့သည်။ ထို့အပြင်၊ မြန်မာနိုင်ငံသည် မိမိ၏လုပ်ရပ်များကြောင့်ပင် မိမိကိုယ်ကိုပြန်လည်ဖျက်ဆီးသည့် "အတ္တဝိနာသလမ်းစဉ်" (path of self-destruction) ပေါ်တွင် ရှိနေကြောင်း ဖော်ပြခဲ့သည်။ ဤဖျက်ဆီးမှု၏ဒဏ်ကို အဓိကခံနေရသည်မှာ ကလေးသူငယ်များပင်ဖြစ်သည်။ အထူးကိုယ်စားလှယ်က မြန်မာ့အကျပ်အတည်းသည် "ကျွန်ုပ်တို့၏အခန်းကဏ္ဍနှင့် ထိရောက်မှုကို စမ်းသပ်နေသည့် စိန်ခေါ်မှုတစ်ရပ်" ဖြစ်ကြောင်းပြောကြားပြီး၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းကို အရေးယူဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။

SAC-M သည် ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီနှင့် ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အတွင်းရေးမှူးချုပ်၏အထူးကိုယ်စားလှယ် Virginia Gamba ထံသို့ စာများ ပေးပို့ခဲ့သည်။ ထိုစာများတွင် မြန်မာနိုင်ငံရှိ ကလေးသူငယ်များ၏ ကာကွယ်စောင့်ရှောက်ရေးအတွက် လူသိရှင်ကြားထုတ်ဖော်ပြောဆိုရန်နှင့် ရှေ့ဆောင်ဦးရွက်ပြုပေးရန် တိုက်တွန်းထားသည်။

*SRSG Gamba ထံ SAC-M ၏ ပေးစာ နှင့်တကွ CRC နှင့် မျှဝေခဲ့သော ဗုံးကြဲမှုဆိုင်ရာ SAC-M ၏ နှိုးဆော်ချက်ကို ကြည့်ပါ။*

ဤသို့ဖြင့် အခြားသော ကုလသမဂ္ဂကျွမ်းကျင်သူများ၊ လုပ်ပိုင်ခွင့်ရကိုယ်စားလှယ်များနှင့်အတူ အောက်ပါအချက်များကို ညှိနှိုင်းပူးပေါင်းဆောင်ရွက်သည့် လှုပ်ရှားမှုတစ်ရပ်အဖြစ် ဆောင်ရွက်သွားနိုင်သည် -

- ပဋိပက္ခများတွင် ကလေးသူငယ်များကို စစ်သားအဖြစ် စုဆောင်းအသုံးပြုနေခြင်းအပါအဝင်၊ ကလေးသူငယ်များအပေါ် စစ်အုပ်စု၏တိုက်ခိုက်မှုများနှင့် အခြားဆိုးရွားသည့် ချိုးဖောက်မှုအားလုံးကို ချက်ချင်းရပ်တန့်ရန် ပြင်းထန်စွာတောင်းဆိုရန်။
- စစ်အုပ်စုအနေဖြင့် ပြန်ပေးဆွဲခံထားရသော၊ ဖမ်းဆီးခံထားရသော ကလေးသူငယ်အားလုံးကို ချက်ချင်း ပြန်လွှတ်ပေးရန် ပြင်းထန်စွာတောင်းဆိုရန်။
- ကလေးသူငယ်များထံသို့ လူသားချင်းစာနာမှုအကူအညီများအား အလွဲသုံးစားလုပ်ခြင်းနှင့် ပိတ်ပင် ပယ်ချခြင်းတို့ကို စစ်အုပ်စုက ချက်ချင်းရပ်တန့်ရန် ပြင်းထန်စွာတောင်းဆိုရန်။
- မြန်မာနိုင်ငံရှိ ကလေးသူငယ်များအား အကာအကွယ်ပေးရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အောက်ပါအတိုင်း ဖိအားပေးရန် - (က) စစ်အုပ်စု၏ တိုက်ခိုက်မှုများအားလုံးကို ချက်ချင်းရပ်တန့်ရန်နှင့် တနိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရန် တောင်းဆိုခြင်း၊ (ခ) လက်နက်၊ ခဲယမ်း၊ ဂျက်လေယာဉ်ဆီနှင့် အခြားစစ်ဘက်ဆိုင်ရာပစ္စည်းများကို စစ်အုပ်စုထံသို့ရောင်းချခြင်း၊ လွှဲပြောင်းခြင်း နှင့် လမ်းကြောင်းလွှဲခြင်းတို့ကို ပိတ်ဆို့တားဆီးခြင်း၊ (ဂ) အကူအညီလိုအပ်နေသော ကလေးသူငယ်များ နှင့် လူမှုအသိုင်းအဝိုင်းများအားလုံးထံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် အခြားအကူအညီများကို နည်းလမ်းပေါင်းစုံသုံး၍ ချက်ချင်း၊ ဘက်လိုက်မှုမရှိ၊ အဟန့်အတားမရှိပေးပို့နိုင်ရေးကို အဆင်ပြေချောမွေ့ အောင် ကူညီဆောင်ရွက်ပေးခြင်း။
- ကလေးသူငယ်များအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် တာဝန်ယူ/ခံမှုရှိရေး တောင်းဆိုရန်။ ဤသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) ကို ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခြား စစ်အုပ်စုဝင်များအား ဖမ်းဝရမ်းထုတ်ပြန်ရန်တောင်းဆိုခြင်းနှင့် ကလေးသူငယ်များအပေါ် ဆိုးရွားသော ချိုးဖောက်မှုများကျူးလွန်သည်ဟု စွပ်စွဲခံရသူများကို ကမ္ဘာလုံးဆိုင်ရာတရားစီရင်ပိုင်ခွင့်ကိုကျင့်သုံး၍ မိမိနိုင်ငံ၏ တရားရုံးများတွင် အရေးယူတရားစွဲဆိုရန် အဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းအားပေးခြင်းတို့ ပါဝင်သည်။
- စစ်အုပ်စုထံ လက်နက်၊ ခဲယမ်း၊ ဂျက်လေယာဉ်ဆီနှင့် အခြားစစ်ဘက်ဆိုင်ရာပစ္စည်းများ ပေးပို့နေသည့် အဖွဲ့ဝင်နိုင်ငံများကို နိုင်ငံတကာရာဇဝတ်မှုများနှင့် ကလေးသူငယ်များအပေါ် ဆိုးရွားသောချိုးဖောက်မှု များတွင် အလိုတူအလိုပါကျူးလွန်သူများအဖြစ် လူသိရှင်ကြား ရှုတ်ချဖော်ပြရန်။
- စစ်အုပ်စုဝင်များ၊ ၎င်းတို့နှင့်ဆက်နွယ်သူများနှင့် ၎င်းတို့၏စီးပွားရေးလုပ်ငန်းများအပေါ် အရေးယူ ဒဏ်ခတ်မှုများ ချမှတ်အကောင်အထည်ဖော်ရန် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများကို ဖိအားပေးရန်၊ နှင့်
- ပဋိပက္ခသင့်ဒေသအားလုံးသို့ ကုလသမဂ္ဂက အကန့်အသတ်မရှိ ဝင်ရောက်ခွင့်ရရှိရေး ပြင်းထန်စွာ တောင်းဆိုရန်။ ဤသို့ ဝင်ရောက်ခွင့်ရရှိခြင်းဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများမှာ ကလေးသူငယ်များကို အကာအကွယ်ပေးရန်၊ ဆေးဘက်ဆိုင်ရာနှင့် လူသားချင်းစာနာမှု အကူအညီများ လွယ်ကူစွာရရှိရေး ကူညီ ဆောင်ရွက်ပေးရန်၊ ကလေးသူငယ်များအပေါ် ဆိုးရွားသောချိုးဖောက်မှုများကို စောင့်ကြည့် တိုင်ကြားရန်၊ အထူးပြုဝန်ဆောင်မှုများအပါအဝင်၊ အသက်ရှင်ကျန်ရစ်သူကလေးငယ်များကို ပံ့ပိုးကူညီရန်၊ နှင့် အလားတူဖြစ်ရပ်များ ထပ်မံမဖြစ်ပွားစေရန် ကာကွယ်တားဆီးရန်တို့ဖြစ်ကြသည်။